Jan. 2024, VOL 11

# YANGON STOCK EXCHANGE

>>> ရန်ကုန်စတော့အိပ်ချိန်းမှထုတ်ဝေသော သုံးလပတ်သတင်းလွှာ

## သုံးလပတ်သတင်းများ

Oct- Nov - Dec | 2023

- "The 39th ACMF Chairs Meeting", "The ACMF International Conference 2023" နှင့်"THE ACMF-ISSB Technical Training Workshop on the IFRS Sustainability Disclosure Standards" သို့မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်
- "For a successful listing to YSX~ What a listing candidate should know" ခေါင်းစဉ်ဖြင့် ပညာပေးဆွေးနွေးပွဲကျင်းပ
- ရန်ကုန်စတော့အိပ်ချိန်းသို့ ပုဂ္ဂလိကသင်တန်းကျောင်းများနှင့် တက္ကသိုလ်များမှ လေ့လာရေးအဖွဲ့များလာရောက်
- စတော့ရှင်းနှီးမြှုပ်နှံမှုဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲနှင့်သိကောင်းစရာပညာပေး အစီအစဉ်များထုတ်လွှင့်ပြသ

## "THE 39TH ACMF CHAIRS MEETING", "THE ACMF INTERNATIONAL CONFERENCE 2023" နှင့် "THE ACMF-ISSB TECHNICAL TRAINING WORKSHOP ON THE IFRS SUSTAINABILITY DISCLOSURE STABDARDS" သို့မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်




စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး နှင့် မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင် ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီမြို့တွင် ၂၀၂၃ ခုနှစ်၊အောက်တိုဘာလ (၁၆)ရက်နေ့မှ အောက်တိုဘာလ (၁၈)ရက်နေ့အထိ ကျင်းပခဲ့သော "The 39th ACMF Chairs Meeting", "The ACMF International Conference 2023" and "THE ACMF-ISSB Technical Training on IFRS Sustainability Disclosure Standards for Regulators and Corporate Preparers", တို့ကို တက်ရောက်ခဲ့ပါ သည်။ အဆိုပါအစည်းအဝေးများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်တစ်ဦးအနေဖြင့် ရန်ကုန်စတော့အိပ်ချိန်းမှ အမှုဆောင်အကြီးတန်းမန်နေဂျာ ဦးသက်ထွန်းဦး တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးများအတွင်း ASEAN Taxonomy Version 2 ပြဋ္ဌာန်းရေး၊ ကာဗွန်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာဗွန် လျှော့ချထုတ်လုပ်ရေး၊ ကာဗွန်ကင်းစင်သည့်စက်မှုလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် မူဝါဒများ ချမှတ်ရေး၊ IFRS Sustainability Disclosure Standards နှင့် ISSB Standards များကို ပိုမိုသိရှိနားလည်လာစေရေး၊ ASEAN Corporate Governance Score card အကောင် အထည်ဖော်ဆောင်ရွက်ရေးစသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြ ပါသည်။

## FOR A SUCCESSFUL LISTING TO YSX~ WHAT A LISTING CANDIDATE SHOULD KNOW"ခေါင်းစဉ်ဖြင့်ပညာပေးဆွေးနွေးပွဲကျင်းပ

ရန်ကုန်စတော့အိပ်ချိန်းနှင့် Myanmar Legal MHM တို့ပူးပေါင်း၍"For a successful listing to YSX~ What a listing candidate should know" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတစ်ရပ်ကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၆) ရက်နေ့ နေ့လည် ၁း၃၀ နာရီမှ ညနေ ၄း၀၀ နာရီ အထိ Prime Hill Business Square (Convention Hall) တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲတွင် ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၊ ညွှန်ကြားရေးမှူးချုပ် ဦးကြည်ဇင်ထွန်းမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး ရန်ကုန်စတော့အိပ်ချိန်းနှင့် Myanmar Legal MHM တို့မှ တာဝန်ရှိသူများက ရန်ကုန်စတော့အိပ်ချိန်းတွင် ကုမ္ပဏီများစာရင်းဝင်ရောက်ခြင်းနှင့်စပ်လျဉ်းသည့် သိကောင်းစရာ အတွေ့အကြုံ၊ ဗဟုသုတများကို မျှဝေခဲ့ကြပါသည်။




Continued:

## ရန်ကုန်စတော့အိပ်ချိန်းသို့ပုဂ္ဂလိကသင်တန်းကျောင်းများနှင့်တက္ကသိုလ်များမှလေ့လာရေးအဖွဲ့များလာရောက်

Guarantee International College မှ သင်တန်းသား/သူ (၂၀) ဦး ပါဝင်သော အဖွဲ့၊ Optimum Institute of Business & Technology Studies မှ သင်တန်းသား/သူ (၄၉) ဦး ပါဝင်သော အဖွဲ့၊ Brainwork Total International Schoolမှ သင်တန်းသား/သူ (၂၈) ဦး ပါဝင်သောအဖွဲ့၊ TEHKATTHO Digital University မှ သင်တန်းသား/သူ (၂၄) ဦး ပါဝင်သောအဖွဲ့၊ Trade Training Institute (TTI) မှ သင်တန်းသား/သူ (၅၅) ဦး ပါဝင်သောအဖွဲ့နှင့် Brainwork Total International School မှ သင်တန်းသား/သူ (၄၂) ဦး ပါဝင်သောအဖွဲ့တို့သည် အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလများအတွင်း ရန်ကုန်စတော့အိပ်ချိန်းသို့ လေ့လာရေးခရီး လာရောက်ခဲ့ကြပြီး အဆိုပါ ခရီးစဉ်များအတွင်း ရန်ကုန်စတော့အိပ်ချိန်း၏ အမှုဆောင်အကြီးတန်းမန်နေဂျာ ဦးသက်ထွန်းဦးမှ “Overview of Capital Market” ခေါင်းစဉ်ဖြင့် အရင်းအနှီးဈေးကွက်ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပို့ချခဲ့ပါသည်။ တက္ကသိုလ်များနှင့် ပုဂ္ဂလိကသင်တန်းကျောင်းများ၏ လေ့လာရေးခရီးစဉ်များကို ရန်ကုန်စတော့အိပ်ချိန်းမှ လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး လေ့လာရေးလာရောက်လိုပါက ရုံးချိန်အတွင်း ဖုန်း (၀၁-၈-၃၇၁ ၂၇၄) သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။








## စတော့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစကားဝိုင်းဆွေးနွေးပွဲနှင့်သိကောင်းစရာပညာပေးအစီအစဉ်များထုတ်လွှင့်ပြသ







YSX Stock Investment Virtual Series 2023 ကို ဒီဇင်ဘာလ (၂) ရက်နေ့မှ ဒီဇင်ဘာလ (၂၄) ရက်နေ့အထိ အပတ်စဉ် စနေနေ့ ညနေ (၄) နာရီ အချိန်တိုင်း ရန်ကုန်စတော့အိပ်ချိန်း၏ You Tube၊ Facebook၊ Viber နှင့် Telegram Channel တို့မှတစ်ဆင့် ထုတ်လွှင့်ပြသခဲ့ပါသည်။ အဆိုပါ Series တွင် စတော့ရင်းနှီးမြှုပ်နှံမှု အခွင့် အလမ်းများနှင့် အနာဂတ်အလားအလာများအပေါ် စတော့ဈေးကွက်ကျွမ်းကျင်သူများ၏စကားဝိုင်းသုံးသပ်ချက်များ၊ စာရင်းဝင်ကုမ္ပဏီများ၏ လက်ရှိ ဆောင်ရွက်နေမှု အခြေအနေများနှင့် အနာဂတ်အလားအလာများကို စာရင်းဝင်ကုမ္ပဏီ အကြီးအကဲများမှ ရှင်းလင်းပြောကြားခြင်း၊ စတော့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာသိကောင်းစရာများကို ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများမှ ဆွေးနွေးမျှဝေခြင်းစသည့် အစီအစဉ်များပါဝင်ပြီး ရင်းနှီးမြှုပ်နှံမည့်သူများအနေဖြင့် စတော့ဈေးကွက်အကြောင်း သိရှိနားလည်ကာ မှန်ကန်သော ရင်းနှီးမြှုပ်နှံမှုဆုံးဖြတ်ချက်များ ပြုလုပ်နိုင်စေရန် ရည်ရွယ်၍ ထုတ်လွှင့် ပြသခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ပထမပတ်အထိ ၎င်းအစီအစဉ်များအပေါ် ကြည့်ရှုသူ အရေအတွက် (၄) သောင်းဝန်းကျင်ရှိခဲ့ပါသည်။

Continued:

# IMPORTANT NEWS ABOUT LISTED COMPANIES

Oct - Nov - Dec | 2023

## FMI

- *ESTELLA* စီမံကိန်းသစ်ဖော်ဆောင်ရေး ဖက်စပ်ကုမ္ပဏီ တည်ထောင်ခြင်းအား အသိပေးကြေညာခြင်း
- *MD & A* ထုတ်ပြန်ခြင်း

## MTSH

- (၆) လစာ ဘဏ္ဍာရေးစာရင်းရှင်းတမ်းများထုတ်ပြန်ခြင်း
- *MD & A* ထုတ်ပြန်ခြင်း

## MCB

- အမြတ်ဝေစုခံစားခွင့်ရှိသည့်ရက်အား အသိပေး ကြေညာခြင်း
- နှစ်ပတ်လည်အစီရင်ခံစာထုတ်ပြန်ကြေညာခြင်း
- (၃၁) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး၏ဆုံးဖြတ်ချက်များ ထုတ်ပြန်ကြေညာခြင်း

## FPB

- နှစ်ပတ်လည်အစီရင်ခံစာထုတ်ပြန်ကြေညာခြင်း
- အမှုဆောင် အရာရှိချုပ် ခန့်အပ်ကြောင်း ကြေညာခြင်း
- (၁၂) ကြိမ်မြောက် အထူးအစည်းအဝေးနှင့် (၃၂) ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးတို့၏ ဆုံးဖြတ်ချက်များအား ထုတ်ပြန်ကြေညာခြင်း
- (၆) လစာ ဘဏ္ဍာရေးစာရင်းရှင်းတမ်းများ ထုတ်ပြန်ခြင်း

## TMH

- (၆) လစာဘဏ္ဍာရေးစာရင်းရှင်းတမ်းများထုတ်ပြန်ခြင်း
- *MD & A* ထုတ်ပြန်ခြင်း

## EFR

- (၆) လစာ ဘဏ္ဍာရေးစာရင်း ရှင်းတမ်းများ ထုတ်ပြန်ခြင်း
- *MD & A* ထုတ်ပြန်ခြင်း

## AMATA

- (၆) လစာ ဘဏ္ဍာရေးစာရင်းရှင်းတမ်းများထုတ်ပြန်ခြင်း
- *MD & A* ထုတ်ပြန်ခြင်း

## MAEX

- အမြတ်ဝေစုထုတ်ယူနိုင်မည့် နေ့ရက်အား အသိပေး ကြေညာခြင်း
- အစုရှယ်ယာများအား အီလက်ထရောနစ်နည်းဖြင့် ပြောင်းလဲနိုင်ကြောင်းအသိပေးကြေညာခြင်း

# စာရင်းဝင်ကုမ္ပဏီများ၏အရေးကြီးထုတ်ပြန်ချက်များ

### ■ FMI | OCT 2023

**ESTELLA စီမံကိန်းသစ်ဖော်ဆောင်ရေး ဖက်စပ်ကုမ္ပဏီတည်ထောင်ခြင်းအား အသိပေးကြေညာခြင်း**

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၆) ရက်နေ့တွင် Star City အိမ်ရာ၌ ပထမဆုံး လုံးချင်းတန်းအိမ်ရာများတည်ဆောက်မည့် Estella Project ဖော်ဆောင်ရေးအတွက် FMI ကုမ္ပဏီ၏လက်အောက်ခံကုမ္ပဏီများဖြစ်ကြသော (TED) နှင့် (PHL) တို့ပူးပေါင်းကာ YL Development (Star City) Company Limited အမည်ဖြင့် ဖက်စပ်ကုမ္ပဏီတည်ထောင်ထားကြောင်း FMI ကုမ္ပဏီမှ အများပြည်သူသို့ အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်:https://rb.gy/rw4ib3

### ■ FMI | DEC 2023

**MD & A ထုတ်ပြန်ခြင်း**

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ (၁၈) ရက်နေ့တွင် FMI ကုမ္ပဏီသည် စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးလေ့လာသုံးသပ်ချက်များ (MD & A) ကို ထုတ်ပြန်ခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://bit.ly/3tSGMVe

### ■ MTSH | DEC 2023

**(၆) လစာ ဘဏ္ဍာရေးစာရင်းရှင်းတမ်းများထုတ်ပြန်ခြင်း**

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၈) ရက် နေ့တွင် MTSH ကုမ္ပဏီသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပထမ (၆) လတာ ကာလအတွက် ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပကို အစုရှယ်ယာရှင်များသိရှိစေရန် အသိပေးထုတ်ပြန်ခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်: https://bit.ly/427Nu6လ

### ■ MTSH | DEC 2023

**MD & A ထုတ်ပြန်ခြင်း**

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၈) ရက် နေ့တွင် MTSH ကုမ္ပဏီသည် စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးလေ့လာသုံးသပ်ချက်များ (MD & A) ကို ဘဏ္ဍာရေးရှင်းတမ်းနှင့်အတူ တွဲဖက်၍ ထုတ်ပြန်ခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://bit.ly/3UbfFiJ

### ■ MCB | OCT 2023

**အမြတ်ဝေစုခံစားခွင့်ရှိသည့်ရက်အားအသိပေးကြေညာခြင်း**

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၁၃) ရက်နေ့တွင် မြန်မာနိုင်ငံသားများဘဏ်လီမိတက်မှ အမြတ်ဝေစုခံစားခွင့်ရှိသည့်ရက်အား အစုရှယ်ယာရှင်များသို့ အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://rb.gy/bxilg9

### ■ MCB | Nov 2023

**နှစ်ပတ်လည်အစီရင်ခံစာ ထုတ်ပြန်ကြေညာခြင်း**

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၁၆) ရက်နေ့တွင် မြန်မာနိုင်ငံသားများဘဏ်လီမိတက်သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အစီရင်ခံစာကို အစုရှယ်ယာရှင်များသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://rb.gy/mtr79c

### ■ MCB | DEC 2023

**(၃၁) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး၏ ဆုံးဖြတ်ချက်များ ထုတ်ပြန်ကြေညာခြင်း**

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၁) ရက်နေ့တွင် မြန်မာနိုင်ငံသားများဘဏ်လီမိတက်သည် (၃၁) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် ဆုံးဖြတ်ခဲ့သော ဆုံးဖြတ်ချက်များအား ထုတ်ပြန်ကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://rb.gy/mtr79c

### ■ FPB | NOV 2023

**နှစ်ပတ်လည်အစီရင်ခံစာထုတ်ပြန်ကြေညာခြင်း**

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၁၇) ရက်နေ့တွင် ပထမပုဂ္ဂလိကဘဏ်လီမိတက်သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အစီရင်ခံစာကို အစုရှယ်ယာရှင်များသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်; https://shorturl.at/pLW01

### ■ FPB | NOV 2023

**အမှုဆောင်အရာရှိချုပ် ခန့်အပ်ကြောင်း ကြေညာခြင်း**

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၂၄) ရက်နေ့တွင် ပထမပုဂ္ဂလိကဘဏ်လီမိတက်မှ အမှုဆောင်အရာရှိချုပ်ခန့်အပ်ကြောင်း အစုရှယ်ယာရှင်များသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်; https://shorturl.at/ePY23

### ■ FPB | DEC 2023

**(၁၂) ကြိမ်မြောက် အထူးအစည်းအဝေးနှင့် (၃၂) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးတို့၏ ဆုံးဖြတ်ချက်များအား ထုတ်ပြန်ကြေညာခြင်း**

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်နေ့တွင် ပထမပုဂ္ဂလိကဘဏ်လီမိတက်သည် (၁၂) ကြိမ်မြောက် အထူးအစည်းအဝေးနှင့် (၃၁) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတို့တွင် ဆုံးဖြတ်ခဲ့သော ဆုံးဖြတ်ချက်များအား ထုတ်ပြန်ကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://rb.gy/mtr79c

### ■ FPB | DEC 2023

**(၆) လစာ ဘဏ္ဍာရေးစာရင်းရှင်းတမ်းများထုတ်ပြန်ခြင်း**

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၉) ရက်နေ့တွင် ပထမပုဂ္ဂလိကဘဏ်လီမိတက်သည် (၆) လစာ ဘဏ္ဍာရေးစာရင်းရှင်းတမ်းများအား အစုရှယ်ယာရှင်များသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://rb.gy/mtr79c

### ■ TMH | DEC 2023

**(၆) လစာဘဏ္ဍာရေးစာရင်းရှင်းတမ်းများထုတ်ပြန်ခြင်း**

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၉) ရက်နေ့တွင် TMH ကုမ္ပဏီသည် (၆) လစာ ဘဏ္ဍာရေးစာရင်းရှင်းတမ်းများအား အစုရှယ်ယာရှင်များသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://rb.gy/gvyvv7

### ■ TMH | DEC 2023

**MD & A ထုတ်ပြန်ခြင်း**

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၉) ရက်နေ့တွင် TMH ကုမ္ပဏီမှ စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးလေ့လာသုံးသပ်ချက်များ (MD & A) ကို အစုရှယ်ယာရှင်များသို့ အသိပေးထုတ်ပြန်ခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://rb.gy/yz9v0o

### ■ EFR | DEC 2023

**(၆) လစာ ဘဏ္ဍာရေးစာရင်းရှင်းတမ်းများ ထုတ်ပြန်ခြင်း**

၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ (၂၉) ရက်နေ့တွင် EFR ကုမ္ပဏီသည် (၆) လစာ ဘဏ္ဍာရေးစာရင်းရှင်းတမ်းများအား အစုရှယ်ယာရှင်များသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://bit.ly/42ftUoF

### ■ EFR | DEC 2023

**MD & A ထုတ်ပြန်ခြင်း**

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၉) ရက်နေ့တွင် EFR ကုမ္ပဏီမှ စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးလေ့လာသုံးသပ်ချက်များ (MD & A) ကို အစုရှယ်ယာရှင်များသို့ ထုတ်ပြန်ခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://rb.gy/yz9v0o

### ■ AMATA | DEC 2023

**(၆) လစာ ဘဏ္ဍာရေးစာရင်းရှင်းတမ်းများ ထုတ်ပြန်ခြင်း**

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၉) ရက်နေ့တွင် AMATA ကုမ္ပဏီသည် (၆) လစာ ဘဏ္ဍာရေးစာရင်းရှင်းတမ်းများအား အစုရှယ်ယာရှင်များသို့ ထုတ်ပြန်ခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/zCKRS

### ■ AMATA | DEC 2023

**MD & A ထုတ်ပြန်ခြင်း**

၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ (၂၉) ရက်နေ့တွင် AMATA ကုမ္ပဏီမှ စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးလေ့လာသုံးသပ်ချက်များ (MD & A) ကို အစုရှယ်ယာရှင်များသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/bDMRY

### ■ MAEX | OCT 2023

**အမြတ်ဝေစုထုတ်ယူနိုင်မည့်နေ့ရက်အား အသိပေးကြေညာခြင်း**

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၂)ရက်နေ့တွင် MAEX ကုမ္ပဏီမှ အမြတ်ဝေစုခံစားခွင့်ရှိသည့် အစုရှယ်ယာရှင်များအတွက် အမြတ်ဝေစု ထုတ်ယူနိုင်မည့် နေ့ရက်အား အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/mnoEJ

### ■ MAEX | OCT 2023

**အစုရှယ်ယာများအား အီလက်ထရောနစ်နည်းဖြင့် ပြောင်းလဲနိုင်ကြောင်း အသိပေးကြေညာခြင်း**

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၃) ရက်နေ့တွင် 3rd Right Issue ရှယ်ယာများ ဝယ်ယူထားသော အစုရှယ်ယာရှင်များအနေဖြင့် Securities company များတွင် ၎င်းတို့၏အစုရှယ်ယာလက်မှတ်များအား အီလက်ထရောနစ်နည်းဖြင့် ပြောင်းလဲမှတ်တမ်းတင်နိုင်ပြီ ဖြစ်ကြောင်း အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်:https://shorturl.at/firwE

Continued:

# YSX QUARTELY MARKET SUMMARY (Q3- 2023-24)

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တတိယသုံးလပတ်အတွင်း YSX ဈေးကွက်အခြေအနေ


### Continuous Trading + Block Trading

| STATICS AT A GLANCE | Q2-23/24 (Jul-Sep) | Q3-23/24 (Oct-Dec) | %CHANGE |
|---|---|---|---|
| အရောင်းအဝယ်ပြုလုပ်သည့်ရက်စုစုပေါင်း | 63 | 62 | |
| စာရင်းဝင်ကုမ္ပဏီအရေအတွက် | 8 | 8 | |
| စတော့အညွှန်းကိန်း (MYANPIX) | 374.91 | 367.25 | (2%) |
| အရောင်းအဝယ်ဖြစ်မြောက်သည့်ရှယ်ယာစောင်ရေစုစုပေါင်း | 1770359 | 1010867 | (75%) |
| နေ့စဉ်ပျမ်းမျှအရောင်းအဝယ်ဖြစ်မြောက်သည့်ရှယ်ယာစောင်ရေ | 28101 | 16304 | (72%) |
| အရောင်းအဝယ်ဖြစ်မြောက်သည့်စတော့ရှယ်ယာတန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း) | 4746 | 2574 | (84%) |
| နေ့စဉ်ပျမ်းမျှအရောင်းအဝယ်ဖြစ်မြောက်သည့်စတော့ရှယ်ယာတန်ဖိုး(ကျပ်သန်းပေါင်း) | 75.33 | 42 | (81%) |
| ဈေးကွက်တန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း) | 715221 | 692694 | (3%) |


# QUARTELY STOCK PERFORMANCE (Q3- 2023-24)

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တတိယသုံးလပတ်အတွင်း YSX ဈေးကွက်အခြေအနေ


### Continuous Trading Only





ရှယ်ယာစောင်ရေစုစုပေါင်း: - 25308
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - MMK 221.04 mil




ရှယ်ယာစောင်ရေစုစုပေါင်း: - 108129
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - MMK 315.77 mil





ရှယ်ယာစောင်ရေစုစုပေါင်း: - 2395
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - MMK 18.13 mil





ရှယ်ယာစောင်ရေစုစုပေါင်း: - 70666
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - MMK 115.72 mil





ရှယ်ယာစောင်ရေစုစုပေါင်း: - 8983
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) -MMK 22.72 mil





ရှယ်ယာစောင်ရေစုစုပေါင်း: - 35537
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - MMK 72.52 mil




ရှယ်ယာစောင်ရေစုစုပေါင်း: - 7173
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) -MMK 34.69 mil




ရှယ်ယာစောင်ရေစုစုပေါင်း: - 69313
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) -MMK 118.52 mil




ရှယ်ယာစောင်ရေစုစုပေါင်း: - 327,504
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - MMK 919.13 mil